## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 5 , 2026 Volume 99 , Number 4

**၅. ၂. ၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၈.၅၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၀၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၅.၉၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၃.၉၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၂.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၀၉ ကျပ် |

## နှစ်လနီးပါး ဈေးငြိမ်နေခဲ့သည့် ပြောင်းဈေး ပြန်တက်လာ




ကုန်သည်များ ထိုင်းနိုင်ငံသို့ စတင်ပို့ရန် ပြင်ဆင်နေကြပြီ ဖြစ်သောကြောင့် နှစ်လနီးပါး ဈေးငြိမ်နေခဲ့သည်။ ပြောင်းဈေး တဖြည်းဖြည်းပြန်တက်လာကြောင်း ဈေးကွက်အရသိရသည်။

ယခင်က ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် ပြောင်းတစ်ပိဿာကို ၁၄၃၀ ကျပ်မှ ၁၄၅၀ ကျပ် ဖြင့် ဈေးငြိမ်နေခဲ့ခြင်းဖြစ်ပြီး ယခု ပြောင်း တစ်ပိဿာလျှင် ၁၄၇၀ ကျပ် မှ ၁၄၉၀ ကျပ်အထိ ပြန်လည် အရောင်းဝယ်ဖြစ်လာကြောင်း သိရသည်။

"တော်တော်ကြာ ငြိမ်နေတဲ့ ပြောင်းဈေးက ဝုန်းကနဲ မတက်ပေမဲ့ အခုဆို တစ်နေ့ကို နည်းနည်းနဲ့ တက်လာတာ တွေ့ရတယ်။ နိုင်ငံခြားငွေ လဲလှယ်တဲ့ ရာခိုင်နှုန်းက ယခင်က (၂၅% ၇၅%) က နေ (၁၅% ၈၅%) ကို ပြင်ဆင်လိုက်ပါတယ်။ အပြောင်းအလဲက လက်ရှိ ပြောင်းဈေးနှုန်းကိုမြင့်တက်စေနိုင်ပါတယ်''ဟုပြောင်းဈေးကွက်နားလည်သည့်ကုန်သည်တစ်ဦးက သုံးသပ်ပြောထားပါသည်။

လက်ရှိတွင် ထိုင်းသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်း ပြန်လည် တင်ပို့နိုင်သော်လည်း အခွန်ကင်းလွတ်ခွင့်ကို ထိုင်းနိုင်ငံမှ လျှော့ချလိုက်ကြောင်းလည်း သတင်းအချက်များမှ သိရသည်။

ယခင်က မြန်မာနိုင်ငံမှ ပြောင်းကို ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဩဂုတ်လ ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့ခွင့်ရရှိခဲ့သော်လည်း လက်ရှိမှာတော့ ဖေဖော်ဝါရီလကနေ ဇွန်လအထိသာ တင်ပို့ခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရပါသည်။

### CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

"ထိုင်းကိုပဲအားထားတင်ပို့ကြတာ။ ကုန်သည်တွေက ဒီအခွန်လွတ်ကာလကိုပဲ စောင့်နေကြတာ။ အခု တင်ပို့ရမဲ့ကာလ လျှော့မယ်လို့ကြားတယ်၊ ၅ လ ပဲ တင်ပို့ခွင့်ပေးမယ် ၊ သတ်မှတ်ထားတဲ့ ကာလကျော်ရင် အခွန်ပြန်ကောက်မယ်လို့ သိရတယ်။

"ထိုင်းမရတော့လဲ တခြားနိုင်ငံတွေတင်ပို့ဖို့ကြိုးစားရမှာပဲ၊ ဒါပေမဲ့ တခြားနိုင်ငံတွေက ထိုင်းလောက်ဈေးမရဘူး"ဟု ကုန်သည်တစ်ဦးကပြောသည်။

ထို့ကြောင့် ထိုင်းအပြင် ဖိလစ်ပိုင်၊ အိန္ဒိယ အစရှိသည့်နိုင်ငံများကို တင်ပို့နိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိ ပြောင်း FOB ဈေးနှုန်းမှာ ၂၄၀ ဒေါ်လာမှ ၂၅၀ ဒေါ်လာပတ်ဝန်းကျင်ဖြင့် ဈေးအနည်းငယ်တက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံမှာ နှစ်စဉ်ပြောင်းတန်ချိန် ၂ သန်းကျော်အထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရပြီး ပြောင်းမျိုးစေ့နှင့် မြေသြဇာဈေးများ အဆမတန်မြင့်တက်နေခြင်းကြောင့် အချို့ဒေသရှိ ပြောင်းစိုက်တောင်သူများ ပြန်လည်စိုက်ပျိုးရန် အခက်တွေ့နေကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပြောင်းဆန်တန်ချိန် ၁ ဒသမ ၂ သန်းကျော်၊ တန်ဖိုးအားဖြင့် ဘတ် ၁၂ ဒသမ ၁၁၇ ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ကြောင်း ထိုင်းအကောက်ခွန်ဌာနမှ သိရသည်။

**Source :** https://htwettoe.com/

## ဗမာကြက် ဈေးကောင်းရနေသောကြောင့် မွေးမြူသူများလာ



ပြည်တွင်းမွေးမြူရေးကဏ္ဍအတွင်း ဒေသကြက် (ခေါ်) ဗမာကြက် အရှင်အရောင်းဈေးကွက် ကောင်းမွန်လာခြင်းကြောင့် ဗမာကြက်မွေးမြူမှုနှုန်းများလာကြောင်း မွေးမြူရေးလုပ်ကိုင်သူများထံက သိရသည်။

လက်ရှိတွင် ဒေသကြက်(ခေါ်) ဗမာကြက် အရှင်အရောင်းဈေးမှာ တစ်ပိဿာလျှင် အနိမ့်ဆုံး ၂၀,၀၀၀ကျပ်အထိ ဈေးကောင်းပေးဝယ်ယူနေပြီး နေရာဒေသအလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း သိရသည်။

ဗမာကြက်အရောင်းဈေးကွက်အတွင်း တစ်ပိဿာအောက်ကြက်များ ဝယ်လိုအားကောင်းမွန်ပြီး ဈေးကောင်းရရှိနေ သော်လည်းတစ်ပိဿာနှင့်အထက်ရှိသောကြက်များမှာဝယ်ယူမှုနည်းပါးပြီးဈေးရရှိမှုနည်းကြောင်းသိရသည်။

"ဗမာကြက်က ၅၀သားတို့ ၆၀ သားတို့ဆို အဝယ်များတယ်။ တစ်ပိဿာမဟုတ်ဘူးနော် ၈၀ နဲ့ ၉၀သားဆိုရင်တောင် ဝယ်သူက သိပ်မဟုတ်ချင်ဘူး။ ပြီးတော့ တိုက်ပြီးသားကြက်ဆိုရင်လည်း မဝယ်ချင်ဘူး။ ဈေးကောင်းတာမှန်ပေမဲ့ မွေးတဲ့သူကလည်း ဉာဏ်လေးနဲ့ယှဉ်မွေးမှ အဆင်ပြေတယ်။ ဈေးကောင်းတော့ မွေးသူများလာပါတယ်" ဟု ဗမာကြက်မွေးမြူရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

ဗမာကြက်ကို မိသားစုစားဝတ်နေရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူကြသူများရှိသည့်အပြင် စီးပွားဖြစ်မွေးမြူကြသူများလည်းရှိကြောင်းသိရသည်။

ဗမာကြက်ကိုမွေးမြူသူများမှ အသားဈေးကွက် အတွက်ရောင်းချနေသည့်အပြင် အရောင်အဆင်းနှင့် အရည်အသွေးကောင်းသောကြက်မျိုးများကိုမူ အသားဈေးကွက်အတွင်း ရောင်းချခြင်းမရှိဘဲ ကြက်အုပ်ပြတ်ရောင်းချခြင်း၊ တိုက်ကြက်အဖြစ် ရောင်းချခြင်းများလုပ်ကိုင်နေကြောင်းသိရသည်။

"အသားဈေးနဲ့ ရောင်းရမဲ့ ကြက်လည်းရှိတယ်။ တချို့ ကြက်ကျ ကြက်မျိုးကောင်းတယ်။ တိုက်လို့ရတဲ့ ကြက်မျိုးဆိုရင် ဈေးပိုကောင်းတယ်။ သူကျ ပိဿာဈေးမဟုတ်တော့ဘူး။ ကြက်ရဲ့ ခွပ်လက်အပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိတယ်။ သိန်းချီတန်တဲ့

ကြက်တွေရှိတယ်”ဟု စီးပွားဖြစ်ဗမာကြက်မွေးမြူရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

လက်ရှိ ကြက်သားဈေးကွက်အတွင်းတွင် ဗမာကြက်သားတစ်ပိဿာ(အရိုးအသားအရော) ၃၅,၀၀၀ ကျပ်ပေါက်ဈေးရှိပြီး အသားသီးသန့် တစ်ပိဿာလျှင် ကျပ် ၄၀,၀၀၀ အထက်ရှိနိုင်ကြောင်း သိရသည်။

ဗမာကြက်ဥဈေးနှုန်းမှာ တစ်လုံးလျှင် ၁၀၀၀ ကျပ် အနည်းဆုံးရောင်းချမှုရှိနေပြီး ပစ္စည်းရှားသည့်အတွက် ဝယ်လိုအား ကောင်းမွန်နေကြောင်းသိရသည်။

ဗမာကြက်မွေးမြူမှုမှာ စားကျက်အတွက် မြေကွက်အကျယ်ရှိရန်လိုအပ်ပြီး အစာအတွက် ဆန်နှင့်ဆန်ကွဲ၊ စပါး၊ ထမင်း စသည်တို့ကို ကျွေးမွေးနိုင်ကြောင်း၊ စားကျက်မြေကျယ်ပါက အစာကျွေးသည့်အပိုင်းကို လျှော့ချနိုင်ကြောင်းသိရသည်။

**Source :** https://npnewsmm.com/

## MSME ပြပွဲတွင် FDA ရရှိထားသော ဆီစက်များ၏ ထုတ်ကုန်များကို ပါဝင်ပြသရောင်းချမည့်အပြင် ဌာနအရောက်လည်း မှာယူနိုင်



MSME ပြပွဲတွင် FDA လက်မှတ်ရရှိထားသော ဆီစက် များ၏ ထုတ်ကုန် (မြေပဲဆီ၊ ပဲပုပ်ဆီ၊ နှမ်းဆီ) များကို ပါဝင် ပြသရောင်းချ မည်ဖြစ်သည့်အပြင် ဌာနအရောက်လည်း မှာယူနိုင်ကြောင်း မြန်မာ နိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှအသိပေးထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ နေပြည်တော်တွင် ကျင်းပမည့် MSME ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲတွင် တိုင်းဒေသပြည်နယ်အသီးသီးရှိ FDA လက်မှတ်ရရှိထားသော ဆီစက်များ၏ ထုတ်ကုန်(မြေပဲဆီ၊ ပဲပုပ်ဆီ၊ နှမ်းဆီ) များကို ပါဝင်ပြသရောင်းချမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်းထုတ် ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးရန်သင့်တော်သောဆီများကိုအမှတ်တံဆိပ်များမှ သင့်တော်သော နှုန်းထားဖြင့် ဌာနများအရောက် ပေးပို့ရောင်းချပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ကြိုက်နှစ်သက်ရာ တံဆိပ်ကိုရွေးချယ်၍ ဖေဖော်ဝါရီလ ၄ ရက်မှစတင်၍ ဖေဖော်ဝါရီလ ၁၃ ရက်အထိ ကြိုတင် ဆက်သွယ်မှာယူနိုင်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက အသိပေးထားသည်။

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော် (နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**Source :** https://npnewsmm.com/

## ကုလားပဲမျိုးစုံ ဈေးနှုန်းဈေးကွက် အခြေအနေ

ဖေဖော်ဝါရီပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ကုလားပဲမျိုးစုံအသစ်များ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ်ပုံမှန်ရှိနေကြောင်းသိရသည်။

ကုလားပဲ($V_2$) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၂၈,၀၀၀မှ ၂၃၀,၀၀၀၊ ယခင်တစ်ပတ် ၂၄၅,၀၀၀ ကျပ်၊ ယခင်လ ကျပ် ၂၃၃,၀၀၀မှ ၂၃၅,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅,၀၀၀မှ ၁၇,၀၀၀၊ ယခင်လထက် ၅၀၀၀ ကျပ် ခန့်ဈေးနိမ့်ကျလာပါသည်။

ကုလားပဲ($V_7$) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၂၈,၀၀၀ကျပ်၊ ယခင်တစ်ပတ်၂၄၀,၀၀၀ ကျပ်၊ ယခင်လ ၂၂၃,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၂,၀၀၀ ကျပ် ဈေးနိမ့်လာပြီး၊ ယခင်လထက် ၅၀၀၀ ကျပ် ခန့်ဈေးမြင့်လာသည်။

ကုလားပဲ (ဇ၂၉) ၅၆ ဒသမ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၃၀,၀၀၀မှ ၊ ၂၃၅,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၃၇,၀၀၀မှ ၂၃၈,၀၀၀၊ ယခင်လ ၂၃၂,၀၀၀ ကျပ်ဖြစ်သည်။ ယခင် ပတ်ထက် ကျပ် ၃၀၀၀ မှ ၇၀၀၀၊ ယခင်လထက်အနိမ့်စ ၂၀၀၀ ကျပ် ဈေးနိမ့်လာပြီး၊ အမြင့်စ ၃၀၀၀ ကျပ် ဈေးမြင့်လာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၂၀,၀၀၀ကျပ်၊ ယခင်တစ်ပတ် ၂၂၅,၀၀၀ ကျပ်၊ယခင်လကျပ် ၂၁၈,၀၀၀မှ ၂၂၀,၀၀၀ဖြစ်သည်။ယခင်တစ်ပတ်ထက်၅၀၀၀ကျပ်ဈေးနိမ့်လာပြီး၊ယခင်လထက်အနိမ့် စ၂၀၀၀ ကျပ် ဈေးမြင့်လာကာ၊ အမြင့်စ ဈေးငြိမ်နေသည်။

**Source :** https://myantrade.gov.mm/

## မြိတ်ဒေသ ရေထွက်ကုန်ပစ္စည်း ကဏန်းနှင့်ဈေးနှုန်း



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်သည် ပင်လယ်ဝန်းရံလျက်ရှိသည့်အပြင် ကမ်းရိုးတန်းဒေသဖြစ်သည့်အတွက် ငုံး၊ ပုစွန်၊ ကဏန်းများကို ဖမ်းဆီးရရှိပြီး စီးပွားဖြစ်လုပ်ကိုင်ကြလျက်ရှိရာ သဲကဏန်းဖမ်းဆီးခြင်းနှင့် စီးပွားဖြစ်မွေးမြူခြင်းများလည်းရှိကြသည်။

သဲကဏန်း ကိုယ်ထည်အရွယ်အစားမှာ သေးငယ်ပြီး ပင်လယ်လှိုင်းရိုက်တဲ့ ကမ်းခြေသဲပေါ်မှာ အများဆုံးတွေ့ရှိရသည်။ ပိုက်များဖြင့် ဖမ်းယူကြပြီး ကမ်းရိုးတန်းများတွင် လက်ဖြင့်လည်းဖမ်းယူကြသည်။

ဖမ်းဆီးရမိသော ကဏန်းများကို ဒေသတွင်းဈေးများတွင်ရောင်းချကြသလို ဈေးကြီးနှင့် လေလံဈေးများတွင်လည်း ရောင်းချကြသည်။ စီးပွားဖြစ်မွေးမြူကြသော ကဏန်း(ကဏန်းပျော့)များကိုမူ ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချမှုများပြားပြီး ပြည်တွင်းဈေးကွက်သို့လည်း တင်ပို့ရောင်းချကြကြောင်းသိရသည်။ အချို့ဖမ်းဆီးရမိသော ကဏန်းများကို စက်ရုံများတွင် ချိတ်ဆက်၍ ရောင်းချကြကြောင်း သိရသည်။

၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့ဈေးနှုန်းအရ မြိတ်ဒေသတွင်လက်ကားရောင်းချနေသောသဲကဏန်းအငယ် တစ်ပိဿာဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄,၀၀၀ကျပ်ခန့်ရှိနေပြီး ဈေးများတွင် ရောင်းချသော သဲကဏန်းအငယ်တစ်ပိဿာမှာ ၁၅,၀၀၀ ကျပ်ခန့်ရှိကြောင်း သိရသည်။

**Source : DOCA(တနင်္သာရီ)**

## စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ၂၀၂၆ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်မည်ဟု ခန့်မှန်းထား

စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့(Monetary Authority of Singapore–MAS)က ၂၀၂၆ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်မည်ဟုခန့်မှန်းထားသည်။

MAS အနေဖြင့် လက်ရှိအခြေအနေရှိ စင်ကာပူဒေါ်လာတန်ဖိုးမြင့်တက်မှုနှုန်းအတိုင်း ငွေလဲနှုန်းကိုဆက်လက်သတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်း၏ငွေကြေးမူဝါဒကြေညာချက်တွင် ဖော်ပြထားသည်။

MAS ၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလကထုတ်ပြန်ခဲ့သည့် မူဝါဒကြေညာချက်တွင် စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ သုည ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ဖော်ပြထားပြီး ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထုတ်ပြန်သည့် မူဝါဒ ကြေညာချက်တွင် ၂၀၂၆ ခုနှစ်အတွက် စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင် နှုန်းအကြားရှိမည်ဟု ခန့်မှန်းထားသည်။

MAS သည် ငွေကြေးဖောင်းပွမှုနှုန်းကိုလျှော့ကျစေရန်နှင့် စီးပွားရေးတိုးတက်မှုကို ထိခိုက်စေမည့်အခြေအနေများကို တုံ့ပြန် နိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ချမှတ်ခဲ့သည့် ငွေကြေးမူဝါဒအတိုင်း ဆက်လက်ကျင့်သုံးလျက်ရှိသည်။ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာမှုကြောင့် စင်ကာပူဒေါ်လာတန်ဖိုးမှာ ၁ ဒသမ၇ ရာခိုင်နှုန်းမြင့်တက်လာနိုင်သည်။

စင်ကာပူဒေါ်လာ၏ ၄၀ ရာခိုင်နှုန်းကိုပြည်တွင်းသုံးစွဲမှုအတွက် သွင်းကုန်များဝယ်ယူတင်သွင်းရန်အသုံးပြုလျက်ရှိပြီး ငွေလဲ နှုန်းသည် ငွေကြေးဖောင်းပွမှုအပေါ် များစွာသက်ရောက်လျက်ရှိသည်။ ထို့ကြောင့် MAS သည် ငွေလဲနှုန်းကို ၎င်း၏ ငွေကြေး မူဝါဒ အဖြစ် အသုံးပြုလျက်ရှိပါသည်။

၂၀၂၅ ခုနှစ် စတုတ္ထ ၃ လပတ်တွင် စင်ကာပူနိုင်ငံ၏အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် စီးပွားရေးဆောင်ရွက်မှုများမှာ ကောင်းမွန်ခဲ့ကြောင်း၊ AI နှင့်ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုများ အားကောင်းခဲ့ပြီး ကုန်သွယ်မှုမူဝါဒမသေချာမှုများကို လျှော့ချနိုင်ခဲ့ ကြောင်း၊ကုန်သွယ်မှုဆိုင်ရာ အခွန်နှုန်းထားမြင့်တက်မှုကြောင့် ကုန်သွယ်မှုနှင့် ဝယ်လိုအားအပေါ် သက်ရောက်မည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးနိုင်ကြောင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများသည် ကမ္ဘာ့စီးပွားရေးတိုး တက်မှုအရှိန်ကျဆင်းမှုကို သက်သာစေမည်ဖြစ်ကြောင်း MAS က ပြောကြားခဲ့ပါသည်။

**Source : The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## အမေရိကန်-အိန္ဒိယ ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားများနှင့် စားသုံးသူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု US-India Strategic Partnership Forum တွင်ပြောကြား

အမေရိကန်-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့ဖိုရမ်(USISPF)သည် အမေရိကန်နှင့် အိန္ဒိယအကြား ကုန်သွယ်ရေး သဘောတူညီချက်ကြေညာချက်ကို ကြိုဆိုလိုက်ပြီး ယင်းသဘောတူညီချက်သည် နှစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၊ အလုပ် သမားများနှင့် စားသုံးသူများအတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများကို ပေးအပ်လိမ့်မည်ဟု ထုတ်ပြန်ခဲ့သည်။

အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည့် တရားဝင်ထုတ်ပြန်ချက်တွင် USISPF က ပြောကြားရာ၌ သမ္မတဒေါ်နယ်ထရမ့်နှင့်ဝန်ကြီး ချုပ်နာရင်ဒရာမိုဒီတို့၏ ဆွေးနွေးမှုအပြီး ထွက်ပေါ်လာသောကြေညာချက်ကိုစိတ်အားထက်သန်စွာကြိုဆိုကြောင်း၊ ယင်းမှာ အမေရိကန်- အိန္ဒိယစီးပွားရေးမိတ်ဖက်ဆက်ဆံရေးကိုပိုမိုနက်ရှိုင်းစေရန်နှင့် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်ကို မြှင့် တင်ရန် ၎င်းတို့၏ တူညီသော ကတိ ကဝတ်ကို ပြန်လည်အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

"အိန္ဒိယအပေါ် အပြန်အလှန်ကောက်ခံခွန်ကို ၂၅ ရာခိုင်နှုန်းကနေ ၁၈ ရာခိုင်နှုန်းကို လျှော့ချလိုက်ခြင်းသည် အရေးကြီးပြီး အပြုသဘောဆောင်သည့် ပထမဆုံးခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များအား ဆိုင်းငံ့ထားဆဲဖြစ်သော်လည်း ယနေ့ကြေညာချက်သည် ကဏ္ဍအသီးသီးတွင်ရှိသည့် အခွန်နှုန်းထားများ၊ ဈေးကွက်ဝင်ရောက် ခွင့်၊ အခွန်မဟုတ်သည့် ကုန်သွယ်ရေးအတားအဆီးများနှင့် တခြားကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးမည့် အမေ ရိကန်-အိန္ဒိယနှစ်နိုင်ငံကုန်သွယ်ရေးသဘောတူစာချုပ်(BTA)ဆီသို့ဦးတည်ရန် နှစ်ဖက်စလုံး၏ခိုင်မာသောနိုင်ငံရေးဆန္ဒကို ပြသ လိုက်ခြင်းဖြစ်ကြောင်း"ဖော်ပြထားသည်ကိုတွေ့ရှိရသည်။

ထုတ်ပြန်ချက်အရ အဆိုပြုထားသည့် BTA သည် ကဏ္ဍအသီးသီးရှိ အခွန်နှုန်းထားများ၊ ဈေးကွက်ဝင်ရောက်ခွင့်၊ အခွန်မဟုတ်သော အတားအဆီးများနှင့် အခြားကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော အဓိကနယ်ပယ်များကို ဖြေရှင်းပေးနိုင်ရန် မျှော်လင့်ထားကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့သောသဘောတူညီချက်သည် ထောက်ပံ့ရေးကွင်းဆက်များကို ခိုင်မာစေရန်နှင့် နှစ်နိုင်ငံလုံး၏ စီးပွားရေးခံနိုင်ရည်အားကို မြှင့်တင်ရန် အထောက်အကူဖြစ်လိမ့်မည်ဟု အဆိုပါဖိုရမ်က မှတ်ချက်ပြုခဲ့သည်။

ယခုကြေညာချက်သည် အစပျိုးမှုသာဖြစ်ပြီး လာမည့်လများအတွင်း နောက်ထပ်အဆင့်များနှင့်ညှိနှိုင်းမှုများကို မျှော်လင့်ထားသည်ဟု အစိုးရနှစ်ရပ်လုံးက ရှင်းလင်းစွာပြောကြားထားကြောင်း USISPF က ထပ်လောင်းပြောကြားခဲ့သည်။

ယခုကြေညာချက်ကြောင့် ထွက်ပေါ်လာသော အပြုသဘောဆောင်သည့် အရှိန်အဟုန်အပေါ် အားတက်မိကြောင်းနှင့် အဆိုပြုထားသည့် သဘောတူညီချက်၏ အတိုင်းအတာနှင့် ရည်မှန်းချက်အပေါ် အကောင်းမြင်ကြောင်း ဖိုရမ်က ဆိုသည်။

USISPF အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံအထိ ရောက်ရှိစေရန်ဟူသော ဘုံရည်မှန်းချက်ကို မြှင့်တင်နိုင်ရန် အိန္ဒိယအစိုးရနှင့် အမေရိကန်အစိုးရနှင့်ပါ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ၎င်းတို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။

ထို့ပြင် ခိုင်မာသောအမေရိကန်-အိန္ဒိယကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးသည် စီးပွားရေးနှစ်ခုလုံးအတွက် အရေးပါရုံသာမက တည်ငြိမ်၊ ခံနိုင်ရည်ရှိပြီး စည်းမျဉ်းအခြေခံသည့် အင်ဒို-ပစိဖိတ်ဒေသကိုမြှင့်တင်ရန်အတွက်လည်း ဗဟိုချက်မဖြစ်ကြောင်း ဖိုရမ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂ ရက်နေ့တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဝန်ကြီးချုပ် မိုဒီတို့၏ကြေညာချက်အပြီးတွင် အိန္ဒိယအပေါ် အမေရိကန်၏ အပြန်အလှန်ကောက်ခံခွန်ကို ၂၅ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းသို့လျှော့ချခဲ့ပြီး အိန္ဒိယ၏ ရုရှားရေနံဝယ်ယူမှုနှင့် ဆက်စပ်နေသော အပိုဆောင်း ၂၅ ရာခိုင်နှုန်းဒဏ်ကြေးခွန်ကိုလည်း ဖယ်ရှားပေးခဲ့သည်။

**Source: US–India trade deal to benefit businesses workers, consumers of both countries: US–India Strategic Partnership Forum, The Economic Times, February 3, 2026.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (5.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Feb. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 116,997 (Shares) | 460,704,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,300 | 257 | 2,142,200 | 33,109,694 | 274,811 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 4,389 | 16,678,200 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 988 | 2,766,400 | 29,664,613 | 83,061 |
| TMH | 00005 | 3,150 | -50 | -1.56% | 3,150 | 3,150 | 3,150 | 5 | 15,750 | 12,823,224 | 40,393 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 3,133 | 5,017,950 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 2 | 8,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 2,700 | 8,235,000 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.48 | -2.09 | -0.50% | 414.57 | 414.57 | 411.95 | 11,474 | 34,863,700 | 8 | 778,011 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 117,568 (Shares) | 464,299,900 (MMK) |

## Main Board

As of 1:00 pm, 5th Feb. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 116,997 (Shares) | 460,704,600 (MMK) |

| MYANPIX | 412.48 ▼ 2.09 |
|---|---|
| Total Volume (shares) | 11,474 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 778,011 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▼ 100 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,150 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |